

နတ်ဘုရားမျက်လုံး
(ရှလေ)
စာစဉ် (၂၂)
(Chapter 316 - 330)
ဘာသာပြန် စာရေးဆရာ – Tai Venus

## အပိုင်း(၃၁၆)

## မှားပင့်သော လက်

အရှေ့ဘက်မိုးကုတ်စက်ဝိုင်းအထက်သို့ နေလုံးကြီး တက်လာခိုက် မြစ်ဝှမ်းကြီး၏အစွန်း၌ရှိသော တောင်ကုန်းတစ်ခု၏ထိပ်၌ မြင်းသုံးကောင် ရပ်နေကြသည်။

ရှလေက မြင်းပေါ်တွင်ထိုင်လျက် လာခဲ့သည့်လမ်းကို လည်ပြန်လှည့်ကြည့်လိုက်သည်။ သို့သော်လည်း မြင်ကွင်းထဲ၌ White Hunမျိုးနွယ်စုများ နေထိုင်နေကြသည့် နေရာကို မမြင်တွေ့ရတော့ပါချေ။ သစ်ပင်သစ်တောများ အထပ်ထပ် ခြားသွားခဲ့ပြီဖြစ်သည်။

"သွားကြရအောင်"

ဒါရယ်တီယာက ပြောလိုက်သည်။

"ငါတို့ ဆက်သွားရမယ့် ခရီးက အရှည်ကြီး ကျန်သေးတယ်၊ ညလောက်မှ ဒီတောင်ကြော တွေရဲ့နယ်နိမိတ် အစကို ရောက်လိမ့်မယ်"

ရှလေက အရှေ့ကို ပြန်ကြည့်လိုက်ပြီး

"ရှေ့လျှောက် မြင်ကွင်းတွေက တောင်ကြောချည်းပဲ၊ နင်ပြောတဲ့အချိန် ရောက်နိုင်ပ့ါမလား၊ အခု ဘယ်လမ်းကနေ ဘယ်လို သွားကြမှာလဲ"

ဆလာမီက ရှလေကို ပြုံးရွှင်သည့်မျက်နှာထားဖြင့် ကြည့်ကာ

"ဝက်ဟန်ပိုးလမ်းမကနေ ဖြတ်ပြီးတော့ တစ်ဖက်နယ်ထဲကို ဝင်မှာလေ။ နင် အဲ့ဒီလမ်းကြောင်းကို သိတယ်မလား"

"ငါတွေးတာက ငါတို့တွေ အရင်ဆုံး ပါကစ္စတန်ကို သွားမယ်၊ ပါကစ္စတန်ကနေ တရုတ်ကို လေယာဉ်နဲ့ ခရီးဆက်မယ်ပေါ့၊ အဲ့ဒီလိုဆို မကောင်းဘူးလား"

ရှုလေက ပြောလိုက်သည်။

"နင့် ကြည့်ရတာ အဲ့လမ်းကို အလွယ်ဆုံးလမ်းလို့ ထင်နေတဲ့ပုံပဲ။ ဒါပေမဲ့ မဟုတ်ဘူး၊ အဲ့ဒီလိုသွားတာက အန္တရာယ်အများဆုံးပဲ။ ငါတို့က အမေရိကန်တွေရဲ့ မြင်ကွင်းထဲ ဝင်တိုးနေသလို ဖြစ်မှာပေါ့။ ပီရှာဝါကို သွားဖို့ဆိုရင် လမ်းမှာ အမေရိကန်တွေနဲ့ကော အစ္စလာမ္မစ်စစ်သွေးကြွတွေနဲ့ကော ရင်ဆိုင်နေရလိမ့်မယ်"

"ပြီးတော့ လမ်းတစ်လျှောက်လုံးမှာ လက်နက်ကိုင်အဖွဲ့တွေကလည်း အများကြီးရယ်"

ဆလာမီက ပြောလိုက်သည်။

"ကောင်းပြီ၊ ဒါဆိုရင်လည်း ဝက်ဟန်ပိုးလမ်းမကပဲ ဆက်သွားကြတာပေါ့။ ဒါနဲ့ အဲ့ဒီလမ်းကြောင်းက အချိန် ဘယ်လောက်လောက်ကြာမှာလဲ"

"ကြားထဲ ဘာပြဿနာမှ မဖြစ်ဘူးဆိုရင် နှစ်ပတ်လောက်ပဲ ကြာမှာ"

"နှစ်ပတ်..."

ရှုလေ ငိုချင်သလိုလို ရယ်ချင်သလိုလို ဖြစ်သွားခဲ့သည်။ ယနေ့လို ခေတ်ကြီးတွင် ခရီးတစ်ခုကို နှစ်ပတ်ကြာ သွားရမည်ဆ်ိုခြင်းမှာ အလွန်ပင် ကြာညောင်းသည့်အချိန် မဟုတ်ပါလော။

"ဟ.."

ဒါရယ်တီယာက ထိုသို့ အော်လိုက်ပြီး မြင်းဇက်ကြိုးကို ဆွဲကာ တောင်ကုန်းအောက်သို့ ဆင်းသွားခဲ့သည်။

ဆလာမီကလည်း ဒါရယ်တီယာ၏နောက်သို့ လိုက်ပါသွားခဲ့သည်။ ဆလာမီ မြင်းစီးသည့်အခါ သူမ၏ ဆွေ့ဆွေ့ခုန်နေသည့် အလုံးအထည်များက ရှလေ၏ မျက်လုံးထဲ သေချာမကြည့်ပါပဲနှင့် တပ်အပ်မြင်နေခဲ့ရသည်။ ထိုအရာကိုငေးရင်း လွန်ခဲ့တဲ့ညက ဖြစ်ပျက်ခဲ့သည့် ခြင်ထောင်ထဲက ကိစ္စသည် ရှလေ၏ခေါင်းထဲ၌ တစ်ဖန်ပြန်မြင်ယောင်လာသည်။

ထိုအကြောင်းကို ပြန်တွေးမိသည့်အခါ သူ၏စိတ်ထဲတွင် ကလိကလိ ဖြစ်လာသည်။ သူသည် အစက ကိုယ်ကျင့်သိက္ခာတရားကို ထိန်းသိမ်းနေခဲ့သော်လည်း ဆလာမီ၏ အလုံးအထည်များကို မြင်တွေ့လာရသည့်အဆုံး၌ ထိန်းချုပ်နိုင်စွမ်း ပျောက်ရှသွားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ရှလေက သူ၏အတွေးကို ရပ်လိုက်သည်။ မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး အမျိုးသမီးနှစ်ယောက်၏နောက်သို့ လိုက်ပါလာခဲ့သည်။

ယခု သူ့ကိုယ်သူ 007ဂျိမ်းစဘွန်း ဟူ၍ပင် ခံစားမိလာသည်။ မစ္စတာဘွန်းသည် နေရာတိုင်းတွင် မိန်းမချော မိန်းမလှများနှင့် ဆုံတွေ့ရတတ်သည်။ ဆုံလာသည့် မိန်းမလှများနှင့်လည်း အကြောင်းအမျိုးမျိုးကြောင့် သာမာန်ခင်မင်မှုထက် ပိုလွန်သည့် အခြေအနေများသို့ ရောက်ရလေ့ရှိတတ်သည်။ ယခုအခါ သူသည်လည်း မစ္စတာဘွန်းလို ဖြစ်နေခဲ့ပြီ မဟုတ်ပါလော။

....

ထိုသို့ တွေးမိလိုက်သည့်အခါ နှစ်ပတ်ကြာ ဖြတ်သန်းရမည့် ဝက်ဟန်ပိုးလမ်းမခရီးသည် 'ထင်သလောက်လည်း မဆိုးသေးပါဘူး'ဟူသည့် အတွေး ဝင်လာခဲ့သည်။

.... ....

နာရီပေါင်းများစွာ ကြာပြီးနောက်တွင် နေလုံးကြီးသည်လုံး

တောင်တန်းများ၏အောက်သို့ နိမ့်ဆင်းသွားခဲ့ပြီ ဖြစ်သည်။ ပတ်ဝန်းကျင် တစ်ခုလုံး၌ အလင်းရောင်က မဆိုသလောက်သာ ရှိတော့သည်။

"ငါတို့ ဒီတောင်ကိုကျော်ပြီး နောက်တောင်ကြရင် စခန်းချ ခဏနားမယ်"

ဒါရယ်တီယာက ထိုသို့ပြောနေရင်း သူမ စီးနေသည့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ဆလာမီနှင့် ရှုလေကလည်း ၎င်းတို့၏မြင်းများ အထက်မှ ခုန်ဆင်းလိုက်သည်။

"လေ၊ ငါတို့ တရုတ်ကို ရောက်ရင် နင် ငါ့အတွက် အဝတ်အစားတွေ ဝယ်ပေးနိုင်မလား"

ဆလာမီက ရှုလေကို စိုက်၍ စကားစမြည် ပြောလာခဲ့သည်။

"တရုတ်မှာ အဝတ်အစားတွေက စျေးချိုတယ်လို့ ငါကြားဖူးတယ်၊ ငါ အဝတ်အစားတွေ ဝယ်ချင်ပေမဲ့ ငါ့မှာ ပိုက်ဆံ မရှိဘူး"

ရှုလေကလည်း ခပ်ပြုံးပြုံးဖြင့် ပြန်ပြောလိုက်သည်။

"ငွေ မရှိရင် နင့်ဆိတ်တွေကို ရောင်းလိုက်ပေါ့လား"

ဆလာမီက ရှုလေကို စိုက်ကြည့်လိုက်ပြီး

"ဟင့်၊ စောက်ကပ်စီးကုပ်"

သူမက ထိုသို့ပြောလိုက်ပြီးနောက် ဆက်၍

"ငအ၊ တရုတ်ကိုရောက်မှ နင့်ကို ငါ ရောင်းစားမယ်၊ ရောင်းရတဲ့ ပိုက်ဆံနဲ့ပဲ အဝတ်အစားတွေ ဝယ်လိုက်မယ်".

ရှုလေ ဆွံ့အနေခဲ့သည်။

White Hunမျိုးနွယ်စုထဲ၌ အမျိုးသမီးများသည် ယောက်ျားအများအပြားကို စိတ်ကြိုက်ယူခွင့်ရှိသောကြောင့် ၎င်းတို့အနေဖြင့် အချစ်ဆိုသည့်အရာ

ကို ကောင်းကောင်းခံစားမိကြလိမ့်မည် မဟုတ်ပါချေ။

ထိုသို့ဖြစ်သော်လည်း ဆလာမီကမူ ငယ်ငယ်ရွယ်ရွယ် အပျိုပေါက်သာလျှင် ရှိသေးသောကြောင့် အချစ်ဆိုသည့်အရာကို ခံစားဖို့ အကောင်းဆုံး အချိန်၌ပင် ရှိနေသေးသည်။ သူမ၏နှုတ်မှ ရှလေကို ရောင်းစားမည်ဟု ပြောနေသော်လည်း တကယ်တမ်းတွင် ထိုသို့ပြုလုပ်လိမ့်မည် မဟုတ်ပါချေ။ ယခင်နေ့ညက ရှလေ ရေချိုးသန့်စင်ဖို့အတွက် သူမက ရေခပ်ပေးမည် ပြုခဲ့သေးသည် မဟုတ်ပါလော။

White Hunမျိုးနွယ်စု၌ အမျိုးသမီးများက ၎င်းတို့၏အမျိုးသားများအတွက် ထိုသို့ပြုလုပ်ပေးရိုးထုံးစံ လုံးဝမရှိပါချေ။

"တရုတ်ပြည်ကို ရောက်ရင် နင် ထွက်ပြေးသွားမှာလား… "

ဆလာမီက ရှလေကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

ထိုအခိုက်မှာပင် သူမသည် လုံးချောနေသော ကျောက်တုံးတစ်တုံးကို နင်းလိုက်မိပြီး ခြေချော်ကာ နောက်ပြန်လဲကျတော့မလို ဖြစ်သွားသည်။

ထိုအခါ ရှလေက သူမ လဲမကျသွားစေရန် ကိုယ်ကို ပင့်မထားပေးဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း သူ၏လက်နှင့် ဆွဲပင့်လိုက်သည့် နေရာမှာ ဆလာမီ၏ ခါး မဟုတ်ပဲ တင်ပါးဖြစ်နေခဲ့သည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး သိမ့်ခနဲ ဖြစ်သွားသည်။ ရှလေသည် ဘာသာစကားပေါင်းများစွာကို ကောင်းကောင်းပြောဆိုတတ်သော်လည်း ယခုခံစားလိုက်ရသည့် ခံစားချက်ကို မည်သည့် စကားလုံးနှင့်မှ မဖော်ပြတတ်ပါချေ။

ဆလာမီ၏မျက်နှာထက်၌ ကြောက်စရာကောင်းသည့် အပြုံးတစ်ခု ပေါ်ထွက်လာခဲ့ပြီး

"ကျေးဇူးပဲနော်၊ နင်သာ မပင့်ထားရင် နောက်ကို တကယ်လဲတော့မလို့"

"နောက်မှာ ငါရှိနေတာပဲ၊ နင် ဘယ်တော့မှ မလန်ကျစေရဘူး"

ရှလေကလည်း ပြုံးစစဖြင့် ပြန်ပြောလိုက်သည်။

ဆလာမီက အီစီကလီ မျက်နှာထားဖြင့် ရှလေကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။

အရုပ်မလေးလို ချစ်စရာကောင်းသည့် ကလေးမျက်နှာထားနှင့် သူမ၏အပြုံးသည် ရှလေ၏အမြင်အာရုံထဲက လောကကြီးတစ်ခုလုံးကို ဝေဝါးသွားစေခဲ့သည်။ ထိုအခိုက် သူ၏ခေါင်းထဲ၌ အတွေးတစ်ခုက ဝင်လာခဲ့သည်။

'ခေတ်ကာလက အရင်လိုမှ မဟုတ်တော့တာ၊ ဘာလို့ အရမ်းကြီးရှေးရိုးစွဲနေတော့မှာလဲ၊ ငါ့ရဲ့ ငယ်ရွယ်တဲ့အချိန်တွေကို ဘာမှမလုပ်ပဲ ကုန်ဆုံးလိုက်ရရင် နှမြောစရာကြီး၊ အသက်ကြီးမှ နွားအိုမြတ်နုကြိုက်တာက လူကဲ့ရဲ့ချင်စရာ ပိုကောင်းတယ်၊ အဲ့ဒီတော့ ငယ်တုန်းမှာ နှလုံးသားကို အချစ်စည်းစိမ်အပြည့်နဲ့ ထားရမယ်…'

သူသည် ရည်းစားဟောင်းနှင့် ပြတ်စဲတာ ကြာခဲ့ပြီဖြစ်ပြီး ယခုတရားဝင်ရည်းစားလည်း မရှိသောကြောင့် အပူအပင်မရှိ ပေါ့ပါးလွတ်လပ်သည့် Singleလူသားတစ်ယောက်ပင် မဟုတ်ပါလော။ ထိုသို့ဖြစ်ရာ အဘယ်ကြောင့် ဆလာမီနှင့်အတူ မပျော်ပဲ နေရမည်နည်း။ သူမဘက်ကလည်း အားလုံးအဆင်ပြေနေသည် မဟုတ်ပါလော။ အဘယ်သို့ဖြစ်၍ အိမ်ထောင်ပြုပြီးမှ အတူနေကာ ကလေးယူသည့် ရှေးရိုးစွဲဓာတ်ပြားဟောင်းကြီးအား ဆုပ်ကိုင်ထားနေရပါမည်နည်း။

ထိုသို့စဉ်းစားမိလိုက်သည့်အခါ ရှလေ၏စိတ်သည် ပို၍လန်းဆန်းတက်ကြွကာ လွတ်လပ်ပေါ့ပါးလာခဲ့သည်။ ထို့နောက် သူက ဆလာမီကို ပြန်၍ မျက်စိမှိတ်ပြလိုက်ပြီး သူမ၏တင်ပါးကို သူ၏လက်ဝါးဖြင့် ခပ်ဖွဖွ ပုတ်ရိုက်ကာ ပွတ်သပ်လိုက်သည်။ အသာအယာ ပုတ်လိုက်သော်လည်း

နှစ်ကိုယ်ကြားက လောကကြီးတစ်ခုလုံး လျှောင်လျှပ်သလို တုန်ဟည်းသွားခဲ့သည်။

ဆလာမီသည် ပြုံးနေသည့်ကြားမှ မျက်လုံးများ ပြူးကျယ်လာခဲ့ပြီး ရှက်သွေးဖြာနေသည့် မျက်နှာလေးသည် တစ်ဖက်သို့ စောင်းလှည့်သွားသည်

ရှုလေကလည်း စိတ်ထဲ၌ တိတ်တဆိတ်သက်ပြင်းချလိုက်ပြီး

'ငါလေးတော်တယ်'

ရှေ့မှ ဦးဆောင်သွားနေသည့် ဒါရယ်တီယာက ရုတ်တရက် နောက်ပြန်လှည့်ကြည့်လိုက်ရာ ဆလာမီ၏တင်ပါးနားမှ ရှုလေ၏လက် ပြန်ရုတ်သွားသည်ကို တွေ့သွားသည်။ ထိုအခါ သူမသည် အရှေ့ကို ပြန်လှည့်သွားပြီး ခပ်ဖွဖွ ပြုံးရယ်ရင်း ခေါင်းကို ခါယမ်းနေလိုက်သည်။

ရှုလေကလည်း စိတ်ထဲ၌ သူ့ကိုယ်သူ သတိပေးနေခဲ့သည်။ ဒါရယ်တီယာနှင့် သူ့အကြား ဆက်ဆံရေးက စင်းလုံးချော ပြေလည်နေခြင်း မဟုတ်သည့်အတွက် တတ်နိုင်သမျှ သူမ သဘောမကျသည့် အနေအထားမျိုးကို ရှောင်ကြဉ်ကာ သူမ သဘောကို အလိုက်တသိ နေရမည်ဖြစ်သည်။ ၎င်းတို့မျိုးနွယ်စု၏ ရတနာကို မရမချင်း ထန်ယွိယန်နှင့်နဲင်ကျင်းတို့ လွတ်မြောက်လိမ့်မည် မဟုတ်သည့်အတွက် ထိုအချိန် မရောက်ခင်သည်အထိ ရှုလေအတွက် အထူးသတိထားရမည့်လူမှာ ဒါရယ်တီယာ'ပင် ဖြစ်သည်။

အနောက်ဘက် မိုးကုတ်စက်ဝိုင်းအောက်သို့ နေလုံးကြီး နိမ့်ဆင်းသွားပြီဖြစ်၍ အလင်းရောင်မှာ အလွန်မှိန်ဖျော့လာခဲ့ပြီ ဖြစ်သည်။ နောက်အချိန်အနည်းငယ်ကြာလျှင် အရာအားလုံး မှောင်မိုက်သွားတော့မည် ဖြစ်သည်။

"လာစမ်းပါ မြန်မြန်လျှောက်စမ်းပါ"

ဒါရယ်တီယာက နောက်ကို လှည့်ကြည့်လိုက်ရင်း

"နေ့မနေကြနဲ့၊ ဒီတစ်နာရီအတွင်း တောင်ထိပ်ကို ရောက်အောင်သွားရ

မယ်"

ဆလာမီက ဒါရယ်တီယာ၏စကားကို ပြန်အတွန့်တက်လိုက်သည်။

"သခင်မ ကျွန်မ ဗိုက်လည်း ဆာနေပြီ၊ ခြေထောက်တွေလည်း အားမရှိတော့ဘူး၊ ကျွန်မတို့..."

ဆလာမီ၏ စကားမဆုံးခင်မှာပင် ကောင်းကင်ထက်၌ အဖြူရောင် အလင်းတန်းနှစ်ခု ပေါ်ထွက်လာသည်။

ရှလေ၏အကြည့်သည် အဆိုပါအလင်းတန်းဆီသို့ ရောက်ရှိသွားခဲ့သည်။

ကောင်းကင်ထက်၌ ဒရုန်းတစ်စင်း ပျံသန်းနေခြင်းဖြစ်ပြီး ၎င်း၏တောင်ပံ တစ်ဖက်တစ်ချက်က မစ်ဇယ်ဒုံးနှစ်စင်းကို ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

"ဝပ်..."

ရှလေက အော်ဟစ်လိုက်သည်။ ထို့နောက် လက်ထဲ၌ ကိုင်ထားသည့် မြင်းဇက်ကြိုးကို လွှတ်လိုက်ပြီး ဆလာမီနှင့်အတူ မြေပေါ်သို့ ဝပ်ချလိုက်သည်။

သူတို့၏ရှေ့၌ ရှိနေသည့် ဒါရယ်တီယာကလည်း ရှလေ၏သတိပေးသံကို ကြားလျှင်ကြားခြင်း မြေပေါ်သို့ ဝပ်လိုက်သည်။

၎င်းတို့အားလုံး မြေပြင်ပေါ် ဝပ်သွားလိုက်သည်နှင့် တပြိုင်နက်တည်းမှာပင် တောင်စောင်း၌ ရှိနေသည့် ကျောက်စိုင်ကြီးတစ်ခုကို ဒုံးကျည် ထိမှန်သွားခဲ့သည်။

***